ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၆၆ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )

**ပင်လယ်ပြင်တွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ **"ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ ( ၁ )

(ဂ) ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ ( ၂ )

(ဃ) ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(တ) ရဲဗိုလ်ချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ထ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ
ပူးတွဲစောင့်ကြည့်ရေးကော်မတီ

(ဒ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး

(ဓ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး

(န) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(ပ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

၂။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပဋိပက္ခအတွင်းလိင်အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ၇–၁၂–၂၀၁၈ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လက်မှတ်ရေးထိုးထားသော ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ပါ ဆောင်ရွက်ရမည့်ကဏ္ဍများအနက် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများကို သတ်မှတ်၍ အရှိန်အဟုန်တိုးမြှင့်အကောင်အထည်ဖော်ရေးဆောင်ရွက်ရန်၊

(ခ) ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်ရန်အတွက် ရေးဆွဲထားသည့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို လိုအပ်ပါက သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်၊

(ဂ) ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြည်သူများလက်လှမ်းမီသိရှိရေး အသိပညာပေးခြင်း စီစဉ်ဆောင်ရွက်ရန်၊

(ဃ) ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရလဒ်များကို စုစည်းပြုစု၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာသို့ အသိပေးသွားရန်၊

(င) ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သတင်းမီဒီယာများမှတစ်ဆင့် လူထုအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်။

၃။ ကော်မတီသည် လိုအပ်သည့်လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် အမျိုးသားအဆင့်ကော်မတီ အဖွဲ့ဝင်များ ပြင်ဆင်၊ ဖြည့်စွက်လိုပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၄။ "မူ"အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများနှင့် အမျိုးသားအဆင့်ကော်မတီ၏ အစီရင်ခံစာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၁ - ၃ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀ / ၂၀၂၁၊ ၂၀ - ၄ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၁ / ၂၀၂၁၊ ၁၇ - ၈ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄၃ / ၂၀၂၁ နှင့် ၆ - ၁၁ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄၈ / ၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး